K.N.D.F

# Karenni Nationalities Defence Force

# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## ပြည်သူများသို့အသိပေးကြေညာခြင်း

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၅) နေ့။

ကရင်နီပြည်နယ်တွင်၊ ၂၀၂၁ခုနှစ် မေလ (၂၀) ရက်နေ့မှ စ၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ အာဏာသိမ်းအကြမ်းဖက်စစ်တပ် ကို အမြစ်ပြတ်ခြေမှုန်းမည့် လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ပါသည်။ ထိုလက်နက်ကိုင်တော်လှန်မှုတွင် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရသည့်အပြင် အကြမ်းဖက်စစ်ကောင်စီတပ်မှ အပြစ်မဲ့ပြည်သူများကို တရားမဲ့ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုများပြုလုပ်ခဲ့ပါသည်။ ထို့အတူ တိုက်ပွဲကာလတစ်လျှောက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ လည်း အကြမ်းဖက်စစ်ကောင်စီ၏ ဒလံများကို တန်ပြန်ဖမ်းဆီးအရေးယူမှုများပြုလုပ်ခဲ့ပါသည်။

မေလ ၃၁ ရက်နေ့တွင် ပိုမိုထိရောက်သော စစ်ရေးဗျူဟာနှင့် တော်လှန်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ စုပေါင်းပြီး၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ကို ဖွဲ့စည်းခဲ့ပါသည်။ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ဖွဲ့စည်းပြီးနောက် အခြေခံမူများ၊မူဝါဒများကို ရေးဆွဲချမှတ်ခဲ့ပါသည်။ ထိုမူဝါဒများတွင် စစ်သုံ့ပန်းနှင့် ဒလံဆိုင်ရန် မူဝါဒများပါဝင်ပြီး ထိုမူဝါဒများကို နောက်ဆက်တွဲတွင်ဖော်ပြပါမည်။

KNDF သည် ဖော်ပြပါမူဝါဒများနှင့်အညီ ဒလံများကို ဖမ်းစီးထိန်းသိမ်းခြင်းနှင့် စစ်ဆေးမေးမြန်း

ခြင်းများလုပ်ဆောင်ပြီး စက်တင်ဘာလမှစ၍ ဖွဲ့စည်းလိုက်သောသော ကရင်နီရဲဌာန (Karenni State Police) သို့ ဖမ်းစီးခံရသူများကို လွှဲပြောင်းကာ စစ်ဆေးအရေးယူခြင်းများပြုလုပ်ပါသည်။ ထို့ကြောင့် KNDF မှ ဒလံများ၊ ဒလံဟု သံသယရှိသူများကို ဖမ်းစီးထိန်းသိမ်းမှုများ ရှိသော်လည်း အသက်အန္တရာယ်ကို ချိန်းခြောက်သောလုပ်ရပ်များ၊ လုပ်ကြံသတ်ဖြတ်မှုများ ၊ပြန်ပေးဆွဲမှု များကို လုံးဝလုပ်ဆောင်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်များသည် KNDF ၏မူဝါဒများနှင့် ဆန့်ကျင်သောကြောင့်ဖြစ်ပါသည်။

ထို့အပြင် တိုက်ပွဲဖြစ်ပွားရာမြို့နယ်များတွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ၎င်းတို့၏ လက်ပါးစေများသည် အပြစ်မဲ့ပြည်သူများကို ဖမ်းစီးသတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းများပြုလုပ်ပြီး၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို လွှဲချလေ့ရှိပါသည်။ ထိုအပြင် KNDF ၏ စုဖွဲ့မှုတွင် မပါဝင်သော၊ အခြားသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ လက်နက်တပ်ဆင်ထားသောအစုအဖွဲ့ငယ်များ၊ မြို့တွင်း ပြောက်ကျားအဖွဲ့များမှာလည်း တိုက်ပွဲဖြစ်ပွားရာမြို့နယ်များတွင်လှုပ်ရှားလျက်ရှိပါသည်။ သို့ဖြင့်ပါ၍ မြေပြင်တွင်ဖြစ်ပေါ်နေသော ဒလံနှင့်ဒလံဟုယူဆသူများကို လုပ်ကြံသတ်ဖြတ်မှုများ၊ ပြန်ပေးဆွဲမှုများ၊ ပြည်သူလူထုကိုခြိမ်းခြောက်မှုများသည် KNDF ၏အခြေခံမူများ၊ မူဝါဒများနှင့်ဆန့်ကျင်နေပြီး KNDF အနေဖြင့် ထိုသို့သောလုပ်ရပ်မျိုးကိုလုံးဝလုပ်ဆောင်မည်မဟုတ်ကြောင်းနှင့် မြေပြင်တွေဖြစ်ပေါ်နေသော ၎င်းလုပ်ရပ်များသည် KNDF နှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဆောင်ကော်မတီ

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

## ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်

## Karenni Nationalities Defense Force (KNDF)

### ၁။ သုံ့ပန်းဆိုင်ရာမူဝါဒ

KNDF သည် ရန်သူသုံ့ပန်းများကို သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း မပြုရဘဲ အမှုစွဲတင်နိုင်ရန် အောက်ပါမူဝါဒများကို ချမှတ်ထားသည်။

၁။ KNDF မှ ဖမ်းစီးမိသော စစ်သုံ့ပန်းများကို စစ်ဆေးမေးမြန်းခြင်းနှင့် မှတ်တမ်းတင်ခြင်းစသည်တို့ကို ပြုလုပ်ခွင့်ရှိသည်။

၂။ KNDF မှ သုံ့ပန်းများကို နိုင်ငံတကာကာသုံ့ပန်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ရမည်။

၃။ သုံ့ပန်းများသည် ခိုင်လုံသော အကြောင်းပြချက်များဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ကို ကရင်နီအက်ဥပဒေအရ အသနားခံတင်ပြ တောင်းဆိုနိုင်သည်။

### ၂။စစ်ကောင်စီ၏ သတင်းပေး(ဒလံ)ဆိုင်ရာမူဝါဒ

၁။ KNDF သည် တော်လှန်ရေးအောင်မြင်ရန်အတွက် ဒလံများကို ထိရောက်စွာအရေးယူမည်။

၂။ ဒလံဟုယူဆသောသူများကို အကြောင်းပြချက် မခိုင်လုံဘဲ ညှင်းပမ်းနှိပ်စက်ခြင်းများ မပြုလုပ်ရ။

၃။ ဒလံဖြစ်ကြောင်း သက်သေအထောက်အထားခိုင်လုံသူများနှင့် ဝန်ခံသူများကို KNDF ၏ စည်းမျဉ်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်။